# နွေဦးအသံ

the voice of spring

10.5.2021 · Monday · No . 35 · Daily News Pamphlet


## CDM ပြုလုပ်သည့် နိုင်ငံတကာရောက်သံတမန်များနှင့် မိသားစုဝင်များကို အကာအကွယ်ပေးရေးကိစ္စအတွက် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိသံရုံးများ၊ ဝန်ကြီးဌာနများသို့ NUG နိုင်ငံခြားရေးဝန်ကြီးဌာနက အကြောင်းကြားခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## လူငယ်ဗဟိုပြုလုပ်ငန်းများတွင် ပူးပေါင်းလုပ်ကိုင်ရန် လူငယ်အဖွဲ့အစည်းများကို NUG ဖိတ်ခေါ်

သတင်းတို

ရင်းမြစ် – NUG မှ

## နိုင်ငံတကာရောက်မြန်မာများက NUG အစိုးရဝန်ကြီးဌာနနှင့်အတူ ကျပ်ငွေ(၆၅)သိန်းခန့်တန်ဖိုးရှိ ဆေးဝါး၊ဆေးပစ္စည်းကိရိယာများကို စစ်ရှောင်စခန်းများသို့ထောက်ပံ့ခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## မြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ပြည်သူ့စစ်မဟာဗျူဟာအစိတ်အပိုင်းအဖြစ် တာဝန်ထမ်းဆောင်ရနိုင်ပြီး လူငယ်တိုင်းစစ်ပညာသင်ကြရန်နှင့် အရွယ်ရောက်ပြီးသားလူတိုင်းက ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) တွင် သမိုင်းပေးတာဝန်အဖြစ် ပါဝင်အမှုထမ်းကြဖို့ NUG ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်မှ တိုက်တွန်းပြောကြား

သတင်းတို

ရင်းမြစ် – NUG မှ

## အုပ်ချုပ်၍(လုံး၀)မရစေရ တပ်ပေါင်းစုသပိတ်စစ်ကြောင်းများ နိုင်ငံအနှံ့၌ အရှိန်မြှင့်တင် ပြုလုပ်ခဲ့ကြ




မေလ(၉)ရက်၊ ဒီးမော့ဆိုမြို့လုံးကျွတ်သပိတ်စစ်ကြောင်းနှင့် မန္တလေးမြို့တွင် ပြုလုပ်ခဲ့ကြသည့် သပိတ်စစ်ကြောင်းအသီးသီးကို တွေ့ရစဉ် -(ဓါတ်ပုံ - CJ )

## US ဒေါ်လာ ၂.၅ ဘီလီယံတန်ဖိုးရှိ တရုတ်စီးပွားရေး စီမံကိန်းသစ်တခုကို ခွင့်ပြုခဲ့ဟု စစ်အုပ်စု ထုတ်ပြန်

သတင်းတို

ရင်းမြစ် – BBC မှ

## မေလ(၈)ရက်ည၌ စစ်အုပ်စုက ဖမ်းဆီးခေါ်သွားသည့် ကဗျာဆရာခက်သီကို မနက်၌အလောင်းသာပြန်ပေးခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## တက္ကသိုလ်(၄၈)အနက် (၃၆)ခုမှ CDM ဝန်ထမ်း (၁၁၀၀၀)ကျော်ကို စစ်အုပ်စု တာဝန်မှ ရပ်ဆိုင်းခဲ့

သတင်းတို

ရင်းမြစ် – RFA မှ

## စစ်ကိုင်း၊ မြင်းမူမြို့တွင် စစ်အုပ်စုက ပစ်ခတ်ဖြိုခွဲပြီး ပြည်သူ(၂)ဦးကိုဖမ်းဆီးခဲ့သဖြင့်အခြေအနေတင်းမာခဲ့

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# နွေဦးအသံ
the voice of spring

10.5.2021 · Monday · No . 35 · Daily News Pamphlet


## သတင်းမှတ်စု

မေလ(၉)ရက်၊ ၂၀၂၁

'သူတို့က ခေါင်းကို ပစ်တယ် တော်လှန်ရေးက နှလုံးသားမှာရှိတာ သူတို့မသိကြဘူး'

-ခက်သီ



- စစ်ကျွန်ပညာရေး မသင်လိုသူများ အတွက် ကြားကာလ ပညာရေးအစီအမံတခုကို ဖော်ဆောင်နေပြီး မကြာမီ အများပြည်သူထံ ထုတ်ပြန်ကြေညာမည်ဟု NUG ပညာရေး ဒုတိယဝန်ကြီး ဂျာထွယ်ပန်က ပြောကြား။
- မုံရွာအခြေစိုက် ကဗျာဆရာ အသက် (၄၄ ) နှစ်အရွယ် ကိုခက်သီ (အမည်ရင်း–ကိုဇော်ထွန်း) ဇနီးဖြစ်သူ မချောစုတို့ကို မေလ(၈)ရက်၊ ည(၉)နာရီခန့်တွင် ရွှေဘိုမြို့ နေအိမ်၌ ဖမ်းဆီးခြင်းခံရပြီး ကဗျာဆရာ ကိုခက်သီမှာ (၂၄) နာရီမပြည့်ခင် စစ်ကြောရေး၌ အနှိပ်စက်ခံရသဖြင့် ကျဆုံးခဲ့ရပြီး ဇနီးကို ဆက်လက်ချုပ်နှောင်ထားဟုသိရ။
- အကြမ်းဖက်စစ်အုပ်စုက ဒေါ်လာ(၂.၅)ဘီလီယံ ရင်းနှီးမြှုပ်နှံမည့် LNG သုံး ဓာတ်အားပေး စက်ရုံလုပ်ငန်းတခု အပါအဝင် ဒေါ်လာ(၂.၈)ဘီလီယံတန်ဖိုးရှိ တရုတ်စီမံကိန်းများကို ခွင့်ပြုခဲ့ဟု ထုတ်ပြန်ခဲ့။
- စစ်ကျွန်ဌာနတချို့က လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရန် အရပ်ဘက် အဖွဲ့များကို ဖိတ်ခေါ်နေမှုကို ပူးပေါင်းဆောင်ရွက်သွားမည် မဟုတ်ကြောင်း မန္တလေးအခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများက မေလ(၈) ရက်တွင် ထုတ်ပြန်ခဲ့။
- ကနီမြို့နယ်အိုင်တောင်ကျေးရွာနှင့် ရွှေစာရေး အနီး၌ မနက်(၁၀)နာရီခန့်က ဒေသခံပြည်သူကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်အုပ်စုတို့



တိုက်ပွဲဖြစ်ပွားခဲ့ ဟုသိရ။

- ပဲခူး၊ ရေတာရှည်မြို့နယ် စည်ပိုင်းကျေးရွာ စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးခင်ငွေကို လူ (၅) ဦးက သေနတ်ဖြင့် ဦးခေါင်းကို ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ဟုသိရ။
- ကရင်ပြည်နယ် ဘားအံမြို့၌ မေလ ၈ ရက်၊ ည(၇)နာရီခန့်က မြို့မရဲစခန်းရှေ့ နှင့် မြို့နယ်စည်ပင်သာယာရေးရုံးအနီးမှာ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ဟုသိရ။
- မကွေး၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းကျေးရွာ စစ်ကျွန်အုပ်ချုပ်ရေးမှူး၏သမီးနေအိမ်၌ ဗုံးပေါက်ကွဲခဲ့ဟုသိရ။
- မြင်းခြံမြို့ရှိ CB ဘဏ်၊ YOMA ဘဏ်၊ က.ည.နရုံး နှင့် Mytel ရုံးရှေ့တို့၌ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီး အထိအခိုက်မရှိဟုသိရ။
- မန္တလေးသံဃသမဂ္ဂ၊ သပိတ်တပ်ဦးကနေ အမြိတမ်းဗိုးချဲနှင့် လိုက်ပါနေသူတဦးကို သပိတ်စစ်ကြောင်း ချီတက်အပြီး လူစုခွဲချိန်တွင် စစ်အုပ်စုက ဖမ်းဆီးသွားခဲ့ဟုသိရ။
- မကွေး- ရေစကြိုမြို့နယ်၊ မြောက်ဘက်လက်ရွာများ။ မန္တလေးမြို့။ မွန်-ပေါင်။ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်။ ပခုက္ကူမြို့နယ် ကံမွမြို့။ ရှမ်း-ကျောက်မဲ။ စစ်ကိုင်းမြို့။ မော်လမြိုင်။ ကချင်-မိုးကောင်းမြို့တို့၌ ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့ကြပြီး ဖားကန့်မြို့နယ် မရိုကထောင်ရပ်ကွက်။ စစ်ကိုင်း- မြောင်မြို့နယ် ပရိမ္မရွာ။ မန္တလေး- စဥ့်ကိုင်မြို့နယ်၊ ပုလိပ်မြို့။ ယင်းမာပင်မြို့နယ်၊ကျေးစာကျကျေးရွာ။ မကွေး- ဂန့်ဂေါမြို့နယ် ကန်ရွာတို့၌ စစ်ကျွန်ပညာရေးအလိုမရှိ သပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်- ဗဟန်းမြို့နယ်၌ လှိုင်၊ ဗဟန်း၊ စမ်းချောင်း၊ ကြည့်မြင့်တိုင် တပ်ပေါင်းစုသပိတ်။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ သံဃာသမဂ္ဂ၊ စက်မှု၊ တကသ၊ မန်းရတနာပုံ တကသ၊ အရှေ့မြို့သစ်၊ စိန်ပန်း၊ မဟာအောင်မြေစစ်ကြောင်း။ ညောင်ဦး။မိုးကုတ်။ မိတ္ထီလာ။ တောင်ငူ။ ပခုက္ကူ။ စစ်ကိုင်း။ ရေဦး။ ယင်းမာပင်နှင့် ဆားလင်းကြီး။ မုံရွာ။ ရေဦး။ မကွေး-မြိုင်၊ ရေစကြို၊ ကျေးရွာ(၁၅) ရွာ။ မိုးကောင်း။ ပုဂံ။ မြင်းခြံ။ ပဲခူးမြို့။ ကလေးမြို့။ ထားဝယ်။ မြိတ်။ လောင်းလုံမြို့နယ် ညင်းမော်၊ ကဒက်ကြီး၊ ညောပြင်ရွာ ၊ အောက်ရေဖြူ၊ သပြေရှောင်၊ ကမြောကင်း၊ နခံတောရွာများ။ ကံပေါက်။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်။ ရောဝတီ-ဖျာပုံ၊ ကယား၊ ဒီးမော့ဆို့။ ရှမ်း-မူဆယ် စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟုသိရ။

ရင်းမြစ် - မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၉)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၈၀ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၈၉၉ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၅၄၀ ဦး

ရင်းမြစ် – အေအေပီပီမှ




မေလ(၉)ရက်၊ ရန်ကုန်မြို့၊ ဗဟန်း၌ ပြုလုပ်ခဲ့သည့် မြို့နယ်ပေါင်းစုံ သပိတ်စစ်ကြောင်းကို တွေ့မြင်ရစဉ် (ဓါတ်ပုံ - CJ )

**စစ်အာဏာရှင်စနစ်အလိုမရှိ**

**နွေဦးစကား ဒို့ပြောကြား**

“ပုဆိုးခြုံထဲကနေ ဒို့အရေး အော်မနေနဲ့ လမ်းပေါ်ထွက်ခဲ့”


fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com


**အရေးတော်ပုံ မုချ အောင်ရမည်**